# မောင်ရင့်မာ(ကျောင်းကုန်း)

## အမေရိကာ တစ်ဖက်
## ကမ္ဘာကြီးက တစ်ဖက်

ရသစာတမ်းများ

# အက်ဆေးဆရာ

- အက်ဆေးဆိုတာဘာလဲ ?

- ဘယ်လိုစာပေအရည်အသွေးရှိရင် အက်ဆေးဖြစ်သလဲ?

လွန်ခဲ့သော (၅)နှစ်ဝန်းကျင်က ရောက်လေရာအရပ်တိုင်းတွင် လူငယ်စာပေသမားတိုင်း လိုလိုက ကျွန်တော့်ကို မေးခဲ့သော မေးခွန်း။ အက်ဆေးလုံးချင်း(၃)အုပ်လောက် ထွက်ဖူးပြီး အက်ဆေး အရေးအများဆုံးအဖြစ် အသိအမှတ်ပြုထားခံရသောကာလ။ အယ်ဒီတာတွေကလည်း ကျွန်တော့်ထံ အက်ဆေးပဲတောင်းကြသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း စာပေပညာရှင်မဟုတ်သလို အက်ဆေးဆရာ(essayist)ဟု လည်း မယူဆပါ။ မွန်တိန်း(Montaigne)တို့၊ ဘေကွန်(Bacon)တို့၏ (eassyist)သတ်မှတ်ချက် မှာ ကြောက်ခမန်းလိလိ မြင့်မားလွန်းလှသည်။ ကျွန်တော်တို့က ကျွန်တော်တို့စိတ်ကြိုက်ပုံဖော် ရေးသားကြခြင်းဖြစ်သည်။ ဆရာမောင်ရင့်မာ(ကျောင်းကုန်း)လည်း ကျွန်တော့်လိုပင် ဖြစ်လိမ့်မည်။

ထိုစဉ်က စာပေစိစစ်ရေးကျောက်ဆောင်ကို ကွေ့ပတ်ခုတ်မောင်းနေရသည့် သင်္ဘော တစ်စင်း၏ မာလိန်မှူးကဲ့သို့ ဒီရေအတက်အကျ၊

လေတိုက်နှုန်း၊ ရာသီဥတုအခြေအနေကို ကြည့်၍ တရွေ့ရွေ့မောင်းနှင်နေကြရခြင်းဖြစ်သည်။ တချို့ကအားမရ။ တချို့က event တွေများသည်ဟု ဆိုကြသည်။

အက်ဆေးအစပြင်သစ်ကပြောပြော၊ အင်္ဂလန်ကဆိုဆို၊ မွန်တိန်းပဲဖြစ်ဖြစ်၊ ဘေကွန်ပဲ ဖြစ်ဖြစ် ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမှုရေး၊ သမိုင်းရေးတို့ကို ကျော်လွန်ဖြန့်ထွက်တွေး ၍မရပါ။ ရေး၍လည်းမရပါ။ ကျွန်တော်ပင်ဖြစ်စေ။ မောင်ရင့်မာ(ကျောင်းကုန်း)ပဲဖြစ်စေ။

မြန်မာပြည်၌ အက်ဆေးများ ဆွံ့ရှားလှသည်ဟု စိတ်အတွေးပေါက်ပြီး ကျွန်တော်တို့ မဆုတ်မနစ် ရေးသားခဲ့ကြခြင်း ဖြစ်သည်။ တစ်လတစ်ပုဒ်ရေးရမည်လားဟု ကျွန်တော်တို့ကို ဆဲရေးကြ၏။ နောင်အခါ သူတို့ပါဝင်ရေးသားလာကြသဖြင့် အက်ဆေးစာပေပန်းများ ဝေဆာပွင့်လန်း လာသောအခါ ကြည်နူးနှစ်သက်စရာနေပျော်သော စာပေပတ်ဝန်းကျင် ဖြစ်လာခဲ့သည်။

သို့သော် ကျွန်တော်တို့ အက်ဆေးဟု အမည်တပ်လိုက်ရုံမျှဖြင့် ထိုစာပေပုံသဏ္ဌာန်မှာ အက်ဆေးဖြစ်ရောလား။ မဖြစ်ခဲ့တာတွေများစွာရှိနေမှာ သေချာနေပါသည်။ ဘာကြောင့်လဲ။ ဆရာဇော်ဂျီက မည်သည့်ရည်ရွယ်ချက်ရှိရှိ၊ မည်သည့် အကြောင်းအရာကိုရေးရေး၊ မည်သည့်ပုံသဏ္ဌာန်ကိုဖော်ဖော်၊ ထိုစာ မတိုမရှည်သည် စာဖတ်ပရိတ်သတ်၌နှစ်သက်မှုရသကို ဖြစ်စေသင့်သည်ဟု ဆိုခဲ့ပါပြီ။

ဆရာမြသန်းတင့်ကမူ ရသစာတမ်းကပေးသောရသမှာ အလွမ်းလည်းမဟုတ်။ စိတ်ညစ် စရာလည်းမဟုတ်။ ဟာသလည်းမဟုတ်။ ပီတိဖြစ်သည်ဟု သုံးသပ်ခဲ့သည်။ ဆရာအောင်သင်းက တော့ ရသ

စာတမ်းငယ် စာပေပုံသဏ္ဍာန်မှာ စာရေးသူအဖို့ အလွန်လွတ်လပ်ပြီး အလွန်တင်းကြပ်သော စာမျိုးဖြစ်သည် ဆိုပြန်လေသည်။ ဆရာတို့ အားလုံး၏ အထင်အမြင်တွေမှာ ရသစာတမ်းငယ်အဖြစ် ပုံဖော်ထုဆစ် ရာတွင် အရေးကြီးသော ကောက်ချက်များဖြစ်လာသည်။ ပြည့်စုံလုံ လောက်ပြီဟုကား စိတ်ဒုံးဒုံးမချနိုင်သေးဟုထင်ပါသည်။

ဥပမာ ဆရာမောင်ရင့်မာ(ကျောင်းကုန်း)၏ အက်ဆေးများတွင် သူ၏ ရွှင်သောအာဝဇ္ဇန်းကြောင့် သူ၏ သရော်ငွေ့ငွေ့များသည် ချစ်ခင် နှစ်သက်ဖွယ် ကျီစယ်မှုအဖြစ် ပြောင်းလဲသွားလေ့ရှိသည်။ သူ၏ ရန်သူ များကို လေးစားခြင်းတွင် ၁၉၄၇ ဇူလိုင် ၁၉ ရက် အာဇာနည်ကြီးများ လုပ်ကြံ ခံခဲ့ရစဉ်က ဝန်ကြီးဦးစောစံဖိုးသင်သည် မအူပင်တွင် သဘော်ပျက်နေခဲ့သောကြောင့် အာဇာနည် ဖြစ်ခွင့်မရခဲ့ဟူသော အရေး အသားမျိုး ဂယက်အနက်ကတစ်မျိုးဖြစ်နိုင်သော်လည်း ဝါကျတိုင်းကို ဂယက်အနက်ဖွင့်ဆိုရန် မလိုအပ်ဟုထင်ပါသည်။

အမိနိုင်ငံတော်အတွက် လွမ်းတေးတစ်ပုဒ်မှာ ယနေ့သော ကာလ တွင် စင်ပေါ်၌ ရဲရဲနီနီစွေးနေသော စာဟောဆရာအချို့အတွက် ဆင်ခြင် တွေးဆဖွယ်ရာတွေ ကမ်းဆင့်ပေးခဲ့ သည်။

အခြေအနေတစ်ရပ်တွင် အကျဉ်းထောင်၏ အနက်အဓိပ္ပာယ်သည် ဘွဲ့နှင်းသဘင်အဖြစ်သို့ ပြောင်းလဲသွားခဲ့လေပြီလော။ အကျဉ်းထောင် တည်ဆောက်ရခြင်း၏ ရည်ရွယ်ရင်း အချက်ကို သွေ ဖည်ခဲ့သလော။ ရင်ထဲ၌ဆွတ်ကျင်နင့်နင့်ခံစားရစေသော မေးခွန်းများ အက်ဆေးဆရာ က မေးခွန်းဆန်းကို တုံ့ပြန်မေးခွန်းဖြင့် ဖြေကြားသော ပဋိပုစ္ဆာများ၊ က ရဏီယနည်း၊ အဌကထာလာ နည်းလေး ဆယ်အနက် အစနှင့် အဆုံးကို ဆို၍ အလယ်ကိုသိစေသောနည်း(မိဂပဒလဥ္စနည်း)စသော သိမ်မွေ့

လိမ္မာသော နည်းတို့ဖြင့် သူ၏အက်ဆေးတွေကို ဖန်ဖွဲ့တည်ဆောက်ထားလေ့ရှိသည်။ စာပေဝမ်းစာပြည့်ဝကုံလုံခြင်း၊ ဘာသာစကားထိန်းကျောင်းသုံးစွဲမှု၌ ကျွမ်းကျင် လျှင်ပါးခြင်းတို့သည်လည်း အက်ဆေးကောင်း တစ်ပုဒ် ဖြစ်လာစေရန် မလွဲမသွေ ထောက်ကူ ပေးလေ့ရှိသည်။ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပါ ထည့်ပေါင်းလျှင် ပိုမိုသေချာပေလိမ့်မည်။

တစ်ပေကုလားရွာသည် တစ်ပေကုလားရွာပဲဖြစ်ပါသည်။

တစ်ပေရှိသော (၁၂ လက်မရှိသော)ကုလားလေး စတင်တည်ထောင်သောကြောင့်တွေ ဘာတွေပြောမနေစေချင်ပါ။ ထိုသို့ပြောခြင်းကြောင့်မူလအနှစ်သာရသညာကို ပိုမိုတောက်ပြောင် စေနိုင်မည်ဟုမထင်ပါ။

အက်ဆေးသည် အက်ဆေးပဲဖြစ်ပါသည်။

မောင်ခိုင်လတ်

၁၀.၁၀.၂၀၁၅

*

# အက်ဆေးဆရာသူငယ်ချင်းအတွက်

## (၁)

တစ်စုံတစ်ယောက်သောသူက တစ်စုံတစ်ယောက်ထံ အမှာစာ တောင်းသည်။ အတောင်းခံရသော တစ်စုံတစ်ယောက်သည် ကျွန်တော် မဟုတ်လျှင် တော်သေးရဲ့။ သို့မဟုတ် အတောင်းခံရသောသူသည် ကျွန်တော် ဖြစ်ပြီး တောင်းဆိုသူသောသူမှာ အခြားသူ တစ်စုံတစ်ယောက် ဆိုလျှင်လည်း တော်သေးရဲ့။

ခုတော့ အတောင်းခံရသော တစ်စုံတစ်ယောက်မှာ ကျွန်တော်ဖြစ်ပြီး တောင်းဆိုလာသော တစ်စုံတစ်ယောက်မှာ မောင်ရင့်မာ(ကျောင်းကုန်း)ဖြစ်လို့နေပါသည်။

ကျွန်တော့်စိတ်ထဲ ‘အင်း’လည်းမသွက်ခဲ့။

‘ဟင့်အင်း’ လည်းမထွက်ခဲ့။

## (၂)

မြန်မာမှုနယ်ပယ်တွင် ‘ဝယဝုဒ္ဓိ ဂုဏဝုဒ္ဓိ’ဟူသော စကားရှိပါသည်။ ဝယဝုဒ္ဓိက အသက် အရွယ်အားဖြင့် ကြီးခြင်း။ ဂုဏဝုဒ္ဓိက ဂုဏ်အားဖြင့် ကြီးခြင်း။ ဆိုရလျှင် ကျွန်တော်သည် မောင်ရင့်မာ (ကျောင်းကုန်း)ထက်

လူသက်ရော စာပေသက်ပါ ဝယဝုဒ္ဓိရှိသူ ဖြစ်သည်။ ဤသည်မှာ ကျွန်တော်၏ ငှက်ကလေးကို ရှက်လို့ပါ ရသစာတမ်းစာအုပ်တွင် သူရေးသောအမှာစာထဲက ကျွန်တော့်အား ညွှန်းဆိုခဲ့သော 'နောင်တော်ကြီးပဲဖြစ်ပါသည်'ဟူသော ဝါကျတစ်ကြောင်းအရသော်လည်းကောင်း၊ သူတို့စာပိုးကဗျာရှုပိုးထိုး၍ အလှည့်ကျမဂ္ဂဇင်း တွေဝယ်ယူစုဆောင်းနေစဉ်ကတည်းက ထိုမဂ္ဂဇင်း များတွင် ကျွန်တော်၏ ကဗျာအချို့နှင့် ချစ်ကိုယ်တွေ့ဝတ္ထုတို့ သည်ပင်လျှင် ပုံနှိပ်စာလုံးဖြစ်နေပြီ ဆိုသောအချက်အလက်တို့ကြောင့်လည်း ပြောရခြင်းဖြစ်ပါသည်။

ထို့ကြောင့် မောင်ရင့်မာ(ကျောင်းကုန်း)သည် ကျွန်တော့်ထက် လူသက်ရောစာပေသက်ပါ ငယ်သည်ဟု ဆိုလိုက်သဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် တမင်ဂုဏ်တင် ရောက်နေသည်ဟု ထင်မြင်လျှင်တော့ကျွန်တော် သဘောတူမည် မဟုတ်ပါ။ အကြောင်းမှာ ကျွန်တော်သည်ထိုသို့ ဆိုလိုရာရောက်အောင် ရည်ရွယ်ရင်း မရှိခဲ့လို့ပဲဖြစ်ပါသည်။

သို့သော် ….။

ကျွန်တော့်သို့သော်က အနည်းငယ်တော့ အဆန်းတကြယ် ဖြစ်နေမည်မလား မသိပါ။ ဆိုခဲ့ပါအတိုင်း ကျွန်တော့်ထက် လူသက်ရော စာသက်ပါ ငယ်ပါသည်ဟုဆိုခဲ့သော မောင့်ရင်မာ (ကျောင်းကုန်း)သည် အက်ဆေးအရာတွင်မူ ကျွန်တော့်ထက် ဂုဏဝုဒ္ဓိရှိသူဖြစ်နေခြင်းက ငြင်းလို့ မရသော သေချာမှုတစ်ခုဖြစ်လို့နေပါသည်။ သည့်ထက်ဆိုရလျှင် အက်ဆေးအရာတွင် သူသည် ကျွန်တော်ဝေးဝေးက ငေးကြည့်ခဲ့ရသူဖြစ်သည်။ တစ်နည်း ကျွန်တော် ဆရာတင်ခဲ့ဖူးခဲ့ရသူလည်း ဖြစ်ပါသည်။ ကျွန်တော်အက်ဆေးကွင်းထဲ လှေ့ကျင့်စက သူ၏ အတည်းအဖြတ်နှင့် လမ်းညွှန်မှု ကလေးများက ကျွန်တော်ဘယ်တော့မှ မမေ့နိုင်

သော သူ၏ ပွင့်လင်းမှု ရင်းချာမှုများဟုဆိုလျှင် မှားမည်မထင်ပါ။

ကျွန်တော်အက်ဆေးမရေးခင် ကဗျာတွေနှင့် ပျော်မောလုံးထွေးနေစဉ်ကပင် သူသည်ထင် ရှားသော အက်ဆေးဆရာအဖြစ် အသိအမှတ်ပြုခံနေရသူဖြစ်သည်။ အဲသည်ကတည်းက အက်ဆေးလမ်းကို ဖုံနေအောင်လျှောက်ခဲ့သူလည်းဖြစ်သည်။

အဲသည်လိုလူက အခုကျွန်တော့်ထံ အမှာစာတောင်းသည်။ ရေးပေးရမည့်စာအုပ်က အက်ဆေးစာအုပ်ဖြစ်၏။ အက်ဆေးအတွက် အမှာစာပေါ့။

ရုတ်တရက်သော် ဟိုအတွေး သည်အတွေးက ဝင်သည်။ ရုတ်တရက်အတွေးသည် အကောင်းတွေချည်းဖြစ်ခဲ့၏။ မိမိသည် ဒုတိယမြင်းထိန်းတောများဖြစ်သွားလေမလား။ ဒါလည်း မဖြစ်နိုင်။ အကြောင်းမှာ သူလည်း ယောအတွင်းဝန်ဦးဖိုးလှိုင်မဟုတ်။ မိမိလည်း မြင်းထိန်းတော မဟုတ်။ တကယ်တော့ သူငယ်ချင်းအက်ဆေးဆရာ၏ အက်ဆေးစာအုပ်အတွက် သူငယ်ချင်း အက်ဆေးရေးသူ၏ အမှတ်တရစာ။ အမှာစာမဟုတ်သည့် အမှတ်တရစာ။

## (၃)

ဟုတ်တိုင်းမှန်ရာဆိုရလျှင်ဖြင့် ကျွန်တော်အက်ဆေးရေးဖို့စံထား၍ ဖတ်ရှုခဲ့ရသော အက်ဆေးဆရာလေးငါးဦးထဲတွင် မောင်ရင့်မာ(ကျောင်းကုန်း)ပါသည်။ သူ့အက်ဆေးများနှင့် ပတ်သက်၍ ရှင်ဘုရင့်ပုဆိုးချည်းပါပဲဟုဆိုလျှင် ပြီးစလွယ်နိုင်မည်ဟု ကျွန်တော်ထင်သည်။

တစ်ခါတစ်ရံ စာရေးဆရာကျက်စားသော လောကသည် ထိုစာရေးဆရာလက်တည့်အောင် လေ့ကျင့်ရာ ပစ်ကွင်းမျိုးလည်း ဖြစ်နေ

တတ်ပါသည်။ ထို့ကြောင့် သူ၏ အက်ဆေးများ၌ သစ္စာရှာ သောချိန်ခွင် ကဲ့သို့ ဘယ်ဘက်မှုမတိမ်းစောင်းဘဲ မျှတအောင် ထိန်းကျောင်းသွားပုံ က သူ့အဖို့ တော့ ခက်ခဲသော လွယ်ကူမှုလား၊ လွယ်ကူသော ခက်ခဲမှု လားဟု ပြောရမလိုပင်ဖြစ်သည်။

သူ့အက်ဆေးများသည် တိကျသေသပ်၏။ စလည်ဆုံး အချိုးအစား ညီ၏။ စရွေး ကိုက်သမား၏ လက်ရာကဲ့သို့ အပိုအလိုမရှိ။ ကဗျာကလာ သူဖြစ်၍ သူ့စကားပြေတွင် ကဗျာခွန် အားနှင့် ကဗျာစကားလုံးများကို ထည့်သုံးတတ်သည်မှာ အက်ဆေးအရေးအသားကို ထူးခြားစေ သည်။ ပြောရလျှင် သူသည် အက်ဆေးအရာတွင် လက်သားကျနေသူဖြစ်၍ လက်ဆိပ်ကောင်းသူ ဟုဆိုလိုက်လျှင် နည်းနည်းများလွန်သွားမလားမ သိ။ ရွှေမန်းတင်မောင်ပြောရလျှင် 'ဒါထက်တောင် ပိုသေး'ဟု ကျွန်တော်ထင်ပါသည်။

သို့သော် ထိုလက်သားကျမှုကို ထိန်းချုပ်ရင်း ပုံစံခွက်ဆန်သွားမည် ကိုတော့ ကျွန်တော် မလိုလားပေ။ ဒါကလည်း ကျွန်တော်၏ ပုဂ္ဂလိက အမြင်နှင့် ပုဂ္ဂလိကစိုးရိမ်မှုသာဖြစ်ပါသည်။

သေချာသည်မှာ သူ့အက်ဆေးအရေးအသားကို ကြည့်၍ သူမည်မျှ ကြိုးစားထားသည်ကို သတိထားလျှင် သိနိုင်ပါသည်။ ထိုသိမှုဖြင့်ပင် သူ့ အက်ဆေးအတော်များများကို နှစ်သက်ခဲ့သည်။ ကျေနပ်ခဲ့သည်။ ထို ကျေနပ်နှစ်သက်မှုသည် အက်ဆေးဖတ်သူအား အက်ဆေးဆရာက ပေး သော အရသာပဲဖြစ်ပါသည်။

မောင်ရင့်မာ(ကျောင်းကုန်း)သည် အက်ဆေးဖတ်သူအား အရသာ ကောင်းကောင်းပေးနိုင် စွမ်းသည့် ရှားရှားပါးပါးအက်ဆေးဆရာ ကောင်း တစ်ယောက်ဖြစ်ပါသည်။

## (၄)

ဤမျှလောက်ဆိုလျှင် အက်ဆေးဆရာ သူငယ်ချင်းအတွက် ကျွန်တော်၏ အမှတ်တရ စာသည် ကျေနပ်နိုင်သင့်လောက်ပြီ ထင်သည်။ ထို့ကြောင့် ဆရာတက်တိုးပြောဖူးသော အက်ဆေး စကား လေးဖြင့် အမှတ်တရ နိဂုံးချုပ်လိုက်ချင်ပါသည်။ ထိုအမှတ်တရ စကား လေးသည် ကျွန်တော် နှင့်လည်း အံဝင်ခွင်ကျဖြစ်သည်ဟု ခံစားရလို့ဖြစ် ပါသည်။

"ကျွန်တော်သည် စင်စစ်အားဖြင့် စာပေ၏ စာသင်သားတစ်ဦးမျှသာ ဖြစ်သည်။ ကျောင်းတွင် နေသော စာသင်သားတို့သည် လေ့ကျင့်ခန်း အဖြစ် အက်ဆေးများရေးကြရသည်။ ဆရာကရေးခိုင်း၍ သိသမျှတတ် သမျှကလေးကို အရင်းလုပ်ပြီး ကြိုးကုတ်ကြရရှာသည်။ သူတို့ခမျာ များ သိလှတတ်လှ၍မဟုတ်ပါ။ ထိုနည်းအတူပင် ကျွန်တော်လည်း ဝါသနာ ဆရာကခိုင်း၍ အက်ဆေးရေးရသော စာသင်သားတစ်ဦးပင်ဖြစ် ပါသည်"

**မေတ္တာဖြင့်**

**မြေလတ်မောင်မြင့်သူ**

**၁.၁၁.၂၀၁၅**

*

မည်သို့သောအရာသည်

အမေနှင့် ဘက်ပြိုင်လောက်အောင်

အရေးပါခဲ့ပါသနည်း။

အမေ့ကိုတစ်ဖက်

ကမ္ဘာကြီးကိုတစ်ဖက်

ချိန်တွယ်၍ရသော ချိန်ခွင်မျိုး

ရှိမည်ဟု ကျွန်တော်မယုံပါ။

**အမေက တစ်ဖက်**

**ကမ္ဘာကြီးကတစ်ဖက်**

## အမေကတစ်ဖက် ကမ္ဘာကြီးကတစ်ဖက်

ကျွန်တော့်အမေ။ အသက်(၈၃)နှစ်ရှိပြီ။ ကြာဖြူ၊ ကြာနီကျေးလက်၊ မြစ်ဝကျွန်းပေါ် ရွာကလေးမှာနေသည်။

“အမေက တို့လင်မယားကိုနှင်ချတာများပြီ။ ဒီတစ်ခေါက် ပြန်လာရင် အမေ့ကို သေချာ ပြောမှဖြစ်မယ် အကိုကြီး”

အမေနှင့်အတူတကွနေထိုင်သော ကျွန်တော့်ညီ ကျောင်းဆရာက လှမ်း၍တိုင်တန်းသော ကြောင့် မဟုတ်စေကာမူလည်း ကျွန်တော်သည် နွေရက်ရောက်လျှင်ဖြင့် ရွာသို့ပြန်ခဲ့ရမြဲပင်ဖြစ် သည်။

ကျွန်တော်က ဟိုဟိုသည်သည်ပြောင်းရွှေ့ရသော ဝန်ထမ်းဖြစ်သဖြ င့် အမေနှင့်အတူမနေ နိုင်။ ရွာကိုခင်တွယ်သော အမေကလည်း ကျွန်တော်တို့နှင့်လိုက်မနေနိုင်။ ကျွန်တော့်ညီနှင့် ခယ်မ ကပဲ အမေ့ အနွံအတာခံ၍ အမေနှင့်အတူ ရွာမှာနေရသည်။ သို့သော် "နီး တကျက်ကျက် ဝေးတသက်သက်"ဆိုသော သဘောသည် သားအမိများ ကြားမှာလည်း ရှိတတ်စမြဲဖြစ်သည်။

သားအကြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဆယ်နှစ်သား ကတည်းက သူနှင့်ခွဲနေခဲ့ရခြင်း ကြောင့်လည်းကောင်း ကျွန်တော့်ကို အချစ်ဆုံးဖြစ်ကြောင်း၊ အလိမ္မာဆုံးဖြစ်ကြောင်း ပြောင်ပြောင် တင်းတင်း အမေကကြေညာထားသည်။

စင်စစ် ကျွန်တော်သည် အဝေးမှနေ၍ အမေ့ကိုတတ်နိုင်သမျှ ငွေစ ကြေးစလေးကန်တော့ရုံ "ဘားပလက်တစ်ပူးနှစ်ပူး၊ ဂလူးကို့(စ်)တစ် ထုပ်စနှစ်ထုပ်စ"(ဆရာစွမ်းကဗျာထဲဆိုသလို) ပေးပို့ရုံ ကလွဲ၍ အမေ့ကို အနီးကပ်ပြုစုခြင်း၊ မွေးမြူခြင်း ပြုနိုင်သူမဟုတ်။ ကျွန်တော့်ညီမအငယ် ဆုံး ကလည်း သူ့အိုးအိမ်နှင့်သူ၊ သျှောင်နောက်ဆံထုံးပါလိုက်ပါနေထိုင် ရသဖြင့် အမေ့အနားမှာ မနေ နိုင်ပါ။ ကျွန်တော့်ညီကျောင်းဆရာနှင့် ကျွန်တော့်ခယ်မ ကျောင်းဆရာမတို့ကပဲ အမေနှင့်အတူ တကွနေထိုင်၍ အမေ့အနွံအတာခံရသည်။ အမေ့ကို သည်းခံရသည်။ ပြုစုရ၊ စောင့် ရှောက်ရသည်။

အဲ့သည်ကောင် လင်မယားက သားသမီးမထွန်းကားတာလည်း

အားနည်းချက် တစ်ခုဖြစ်သည်။ နှစ်ဦးသားမှီနွဲ့နေလျှင် အမေကကြည့်မရ။ တီဗွီရှေ့အတူထိုင်၍ တွတ်ထိုးနေလျှင်လည်း အမေကနားကြားပြင်းကပ်သည်။ အပ်ကြောင်းထပ်အောင် ထပ်ခါတလဲလဲပြောသော စကားသံများ ကို အမေသည်းမခံတတ်။ အမေသည် ကျွန်တော့်ကိုဖြစ်စေ၊ သူ့မြေးတွေကိုဖြစ်စေ အောက်မေ့ လာလျှင် အတူနေ ကျွန်တော့်ညီလင်မယားကို ရမ်းတော့သည်။ စင်စစ်အမေနှင့်အတူ သူတို့ နေကြ၍သာပဲ အဝေးကကျွန်တော်တို့ စိတ်ဝမ်းဖြောင့်ဖြောင့် ဝမ်းကျောင်းနိုင်ခြင်းဖြစ်သည်။

"နင်တို့တွေ ငါ့အိမ်ပေါ်မနေကြနဲ့" ဟု မကြာခဏနှင်ချနေသတဲ့။ အသက်အရွယ်ကြောင့်ပဲ ထင်သည်။ အမေက တစ်ခုခုအလိုမကျဖြစ်တာများလာသည်။ မည်သို့ပင်ဖြစ်စေ သားနှင့် ချွေးမ ကလွဲ၍ အမေနှင့်အတူနေဖို့ ဘယ်သူမှ အခွင့်အရေးမရနိုင်သည်ကို အမေမသိရန် အကြောင်းမရှိ။

သို့သော် သည်တခါပြန်လျှင် တစ်စုံတစ်ခု ဆုံးဖြတ်ပေးမှ ဖြစ်တော့မည်။ တစ်ဦးဦးကို "ဗိုလ်" ပေးမှ ဖြစ်တော့မည်။

*

ကျွန်တော့်အမေ။ (၈၃)နှစ်ရှိပြီ။ ကြာဖြူကြာနီကျေးလက်၊ မြစ်ဝကျွန်းပေါ်ရွာကလေးမှာနေ သည်။

ပိတောက်ဝါဝါပွင့်ဖူးသည့် အတာကူးသော တန်ခူးရက်များရောက်ပြီဆိုလျှင် ဘယ်ရပ်မြေ၊ ဘယ်ဒေသ၊ ဘယ်နေရာ၊ ဘယ်ဌာနသို့ ရောက်

နေသည်ပဲဖြစ်စေ ကျွန်တော်တို့သည် အမေ့ ရွာကလေးသို့ အရောက် ပြန်လာခဲ့ရစမြဲဖြစ်သည်။ တန်ခူးနွေရက်များသည် ကွဲကွာနေသော မိသားစုများကို ပြန်လည်စုစည်းပေးတတ်သကဲ့သို့ သံယောဇဉ် မိခင်ကြီး၏ သံယောဇနေအာလျကို လည်း ဖြည့်ဆည်းပေးတတ်စမြဲဖြစ်သည်။

အတာရက်နီးသည်နှင့် အမေသည် ဝေးသောအရပ်မှာနေသည့် သားသမီးမြေးထီးမြေးမ တွေကို မျှော်ပါချေတော့သည်။ သား၊ သမီး၊ မြေးထီး၊ မြေးမအစုံအညီတွေ့ရမှ အမေကျေနပ်သည်။ တစ်ယောက်ယောက် မလာရောက်ဖြစ်လျှင် တဖျစ်တောက်တောက် ပြောနေတတ်သည်။ ရောက်လာသူကိုထား၍ ရောက်မလာသူကို လွမ်းနေတတ်သည်။ သည်တော့ နွေရက်နီးပြီဆိုလျှင် အမေ့ထံပြန်ဖို့ စိုင်းပြင်းရသည်။ ကလေးတွေကို အမေ့ဆီသို့ ပြန်ကြဖို့ စည်းရုံးရ၊ ချော့မော့ရ၊ ဖျောင်းဖျရသည်။

ကျွန်တော်ပြည်မှာနေတုန်းက အကြီးကောင် ဆယ်ကျော်သက်က ပြည်သင်္ကြန်ကို သူ၏ သူငယ်ချင်းများနှင့်နွဲချင်သည် - ဟု အရေးဆိုသည်။ ကျွန်တော်က အမေ့ရွာကိုပဲပြန်လိုက်ဖို့ တွန်းတွန်းတိုက်တိုက် ပြောရသည်။ ပထမနှစ်မှာ - လိုက်လျော၍ သူပြန်လိုက်ခဲ့သည်။ နောက်တစ် နှစ်မှာတော့ဖြင့် သင်္ကြန်ရက်နီးသည်နှင့် ရာဇသံပေးလေတော့သည်။

"ဒီနှစ်သင်္ကြန် ဖွားဖွားဆီပဲပြန်ရမယ်ဆို - ကျွန်တော် အိမ်ကထွက်ပြေးမယ်"

အဲသည်တစ်နှစ်ပဲ အမေက ခွင့်ပေးခဲ့သည်။ ပြည်သင်္ကြန်မှာ သူ့မြေးလည်မည်ကို စိတ်မချ ၍ ကျွန်တော်တို့ကိုပါ မပြန်ခိုင်းတော့ဘဲ မြေးနှင့် အတူလည်စေ - ဟူ၍ အမိန့်ချမှတ်တော်မူသည်။

ကျွန်တော် ပူတာအိုပြောင်းတုန်းက "ပူတာအို"ကို "ရွှေဘို"ဟု ပြောပြီး ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။ တစ်ယောက်ယောက် လျှာချော်၍ သတင်းပေါက်သွားလျှင် အမေက ရွှေဘိုကို ပူတာအို နဲ့ နားကြားလွဲတာ ဖြစ်မှာပါ - ဟု ဖွတ်ငြင်းနိုင်စေရန် "အို" နှင့် ကာရံညီသောမြို့ကို တမင် ရှာ၍ လိမ်လည်ထားခဲ့ရသည်။ ထိုနှစ်သင်္ကြန်မတိုင်မီ ကျွန်တော့်ညီရေး လိုက်သောစာက "ဒီနှစ်တော့ အမေ့ကို လိုက်လျောတဲ့အနေနဲ့ ဘုန်းကြီး ဝတ်ပေးမှဖြစ်မယ်အစ်ကိုကြီး" ဆိုသဖြင့် ဒုလ္လဘဘုန်း ကြီးတစ်ပါးက "အခု ဘယ်မှာတာဝန်ကျသလဲ" မေးသဖြင့် ကတုံးကြီးနှင့် ပြောင်လိမ်ခဲ့ ရသေးသည်။

ဖေဖော်ဝါရီလက ဆိုးလ်မြို့ ကိုရီးယားအကယ်ဒမီ တစ်ခုမှာ ပညာသင်ကြားဖို့ သမီးငယ် Scholar ရသည်။ သူ့မြေးမထွက်သွားပြီး နောက် အမေ့ကို လိမ်ရတာပင်ပန်းသည်ဆိုပြီး ဖွင့်ပြော လိုက်သည်။ "ဟဲ့ ငါ့မြေးကို ဒီလောက်ဝေးတဲ့နေရာကြီး လွှတ်ရသလား၊ နင့်မိန်းမကို လွှတ်ပါလား" မျက်ရည်တစမ်းစမ်းနှင့် ဆူပါတော့သည်။ အမေရာ၊ ပညာသင်သွားတာပါ၊ လင်နောက်လိုက်သွား တာမှမဟုတ်ဘဲ - ပြော တော့မှ အမေအသံတိတ်သည်။

*

ကျွန်တော့်အမေ။ (၈၃)နှစ်ရှိပြီ။ ကြာဖြူကြာနီကျေးလက်၊ မြစ်ဝကျွန်းပေါ်ရွာကလေးမှာ နေသည်။

အမေသံယောဇဉ်ကြီးပုံကို ပြောရဦးမည်။

ကျွန်တော်တို့ရွာမှာ ဟိုစဉ်က မူလတန်းပဲရှိသည်။ လေးတန်းအောင်ပါက "တောင်သူလယ်လုပ်စားမခုတ်"လျှင်ခုတ်၊ မခုတ်ချင်၍ ကျောင်းဆက်တက်မည်ဆိုလျှင် ပုသိမ်၊ ဟင်္သာတ သွားရ သည်။ ကျွန်တော်လေးတန်းအောင်သောအခါ တတ်နိုင်လှသည်မဟုတ်သော်လည်း ဖေဖေက ပုသိမ်ကျောင်းပို့မည်ပြောသည်။ အမေက " ရှင် တတ်နိုင်လို့လား" မေးသည်။ မင်္ဂသုတ်၊ ရတနာ့သုတ်နှင့် ရတနာ ရွှေချိုင့်လောက်သာအာဂုံရသော ဖေဖေ၊ ကျွန်တော် မှတ်မိသရွေ့ဆို လျှင် အမေ့ကို ဘယ်တစ်ခါမှ မလွန်ဆန်ခဲ့ဖူးသော ဖေဖေက အဲသည့်တစ်ကြိမ်ပဲ ဝံ့ဝံ့စားစား တော်လှန်ခဲ့လေသည်။ "ငါ - ခါးတောင်းကျိုက်မဖြုတ်ရရင် နေပါစေ"တဲ့လေ။

တစ်ခုတည်းသော ရတနာပစ္စည်းအဖြစ်ပိုင်ဆိုင်သည့် ရွှေဆွဲကြိုးလေးကို အမေက သူ့လည်တိုင်မှချွတ်၍ ကျွန်တော့်လည်ပင်းတွင် ဆင်မြန်းပေးလိုက်ခြင်းသည် အဖေ့တော်လှန်ရေး အပေါ် အမေ၏ နောက်ဆုံးခုခံချက်ဖြစ်သည်။

"ပုသိမ်မှာ ကျောင်းသွားမနေနဲ့နော်၊ သားကိုဒီဆွဲကြိုးလေးပေးမယ်"

အဲသည်တုန်းက ပုသိမ်ကျောင်းသို့သွားတက်သော ရွာမှ အင်းသူကြီးသား(သူငယ်ချင်း) များကို အားကျစိတ်ဖြင့် အမေ့ ရွှေဆွဲကြိုးလေးကို ဘုမသိဘမသိ - ငြင်းပယ်ခဲ့သော ကျွန်တော့် အား ရွှေကိုမလို၊ ငွေကိုမလို၊ ပညာကိုသာလိုလားသော သားကြီးအဖြစ် အမေသည် တစ်သက်ပန်လုံး ချီးမွမ်းမဆုံးရှိသကဲ့သို့ ဆယ်နှစ်သားကတည်းက ခွဲခွာနေထိုင်ရသော သားအဖြစ် ဦးစားပေးခဲ့၊ အချစ်ပိုခဲ့သည်။ သည်မြေကမ္ဘာတွင် တစ်ယောက်သောသူ၏ စကားကိုအမေလက်ခံ သည်ဆိုလျှင် ထိုတစ်ယောက်မှာ ကျွန်တော်ပဲဖြစ်ပေလိမ့်မည်။

ကိုယ့်သားသမီးကို အပြစ်တင်ရမှာဝန်လေးသော၊ အပြစ်မမြင်ရက်

သော အမေများထဲတွင် ကျွန်တော်တို့အမေ ထိပ်ဆုံးကပါသည်။ ငယ်တုန်းက ကျွန်တော်တို့သူငယ်ချင်းတစ်စု ကစားကျူး ၍ ကျောင်းနောက်ကျအရိုက်ခံရသောအခါဖြစ်စေ၊ သူငယ်ချင်းများနှင့် အပြစ်တစ်ခုခုကိုအတူ ကျူးလွန်မိသောအခါဖြစ်စေ အမေသည် အပြစ်ကို အပြစ်ဟူ၍ မဖြစ်မနေလက်ခံရစေကာမူ ကျွန်တော့်ကို ပြစ်တင်မောင်းမဲဖို့ထက် တစ်ယောက်ယောက်ကို သူ့သားအစား တရားခံရှာတတ် သည်။

"ငါ့သားလေးက ဒီလောက်ဆိုးတာမဟုတ်ဘူး၊ ဒေါ်ပူတူးသားတွေနဲ့ ပေါင်းလို့ဖြစ်ရတာ"

"မဟုတ်ပါဘူး အမေရယ်၊ အဲဒါကို ကျွန်တော်စလုပ်တာ၊ ဟိုကောင်တွေ မဟုတ်ဘူး" အဖော်မင်သော ကျွန်တော်က သူငယ်ချင်းများနှင့် ဆော့ကစားမှုကို ပိတ်ပင်ခံရမည်စိုး၍ ပြောလျှင် အမေက "ဟဲ့ကောင်လေး တိတ်တိတ်နေ"ဟု တန့်တတ်သည်။ သားနှင့်ပတ်သက်ပါက တရားမျှတမှုနှင့် ယုတ္တိဗေဒကို ပစ်ပယ်ရန် ဝန်မလေးခဲ့ - ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်တော် ဆယ်တန်းကျသည့် နှစ်ကအကြောင်းကို ပြန်ပြောရဦးမည်။

အမေတို့ စီးပွားရေးမချောင်လည်၍ ခက်ခဲချို့တဲ့စွာ ကျောင်းထားရသည်ကို ကောင်းစွာ သိနားလည်ပါလျက် ကျွန်တော်က စာ ယောင်ယောင်ပေယောင်ယောင်လုပ်နေခဲ့သည်။ ကျောင်းစာ နှင့်မဆိုင်သော စာအုပ်ပုံထဲမှာ ခေါင်းစိုက်နေခဲ့သည်။ စာမေးပွဲဖြေဖို့(၆)ရက်အလိုတွင် "နတ်ရှင် နောင်ဆိုရတုပေါင်းချုပ်"ကို သူငယ်ချင်းထံမှ ငှားရမ်းရရှိသဖြင့် တစ်အုပ်လုံး ရေးကူးလိုက်ကျက် မှတ်လိုက်လုပ်နေခဲ့ပါသည်။ စာမေးပွဲခန်းထဲသို့ရောက်သောအခါ ကျွန်တော်အကျွမ်းတဝင် ရှိလှပါ

သည်ဆိုသော ရူပဗေဒပုစ္ဆာစာရင်းကိုပင် မဖြေနိုင်ခဲ့ပါ။ အဘယ်မျှ သေချာခဲ့သလဲဆိုလျှင် အောင်စာရင်းကိုပင်သွားမကြည့်ခဲ့ပါ။ ကိုယ့်အပြစ် ကိုယ်သိပြီးဖြစ်ပါသည်။ ကိုယ့်ရလဒ်ကိုယ် လက်ခံပြီးဖြစ်ပါသည်။ ကြီးစွာမျှော်လင့်အားခဲခဲ့သော အဖေနှင့် အမေကိုမူ အားနာလှပါသည်။

သို့သော် အဖေနှင့်အမေက ကျွန်တော့်ကို စိုးစဉ်မျှအပြစ်မတင်ခဲ့ပါ။ အပြစ်မတင်၊ အပြစ်မမြင်ခဲ့ရုံမက အမေပြောလိုက်သော စကားတစ်ခွန်းက ကျွန်တော့်ရင်ထဲနင့်ခနဲဖြစ်သွားစေခဲ့ ပါသည်။

"ငါ့သားက အင်မတန်စာတော်တာ၊ တစ်နှစ်မှရှုံးဖူးတာ မဟုတ်ဘူး။ စာဖျက်တဲ့ဆရာတွေက အောင်စာရင်းမှားသလားမှ မသိတာ"

စာမေးပွဲကျ၍ မျက်ရည်မဝဲခဲ့သော ကျွန်တော်သည် အမေ့မေတ္တာတရားကို မျက်ရည်များ နှင့် နင့်နင့်နဲနဲခံစားခဲ့ဖူးပါသည်။

*

ကျွန်တော့်အမေ။ (၈၃)နှစ်ရှိပြီ။ ကြာဖြူကြာနီကျေးလက်၊ မြစ်ဝကျွန်းပေါ်ရွာကလေးမှာ နေသည်။

"ဒေါ်လေးကိုလည်း ပြောခဲ့ဦး"ဟု အစ်ကိုဝမ်းကွဲကပြောသည်။ ပြောခဲ့မှဖြစ်မယ် - ညီဝမ်းကွဲ ကလည်းပြောသည်။ တူသားနောင်မယ်တွေက အမေဗိုလ်ကျပုံတွေကို ဝိုင်း၍တိုင်ကြသည်။ အမေလွန်ကြောင်း သူရို့ပြောတာတွေက မှားယွင်းခြင်းမရှိပါ။

အမေသည် ခု - အသက်အရွယ်အထိတိုင် သားသမီးမြေးမြစ်တို့နှင့်

စိတ်ရှိတိုင်း သိုက်သိုက်ဝန်းဝန်း နေခွင့်မရနိုင်သေးသည်ကို အကြောင်းပြု၍ အတူနေသော သားနှင့်ချွေးမကို "ရမ်း"နေခဲ့တာအမှန်ပဲ ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ရွာပြန်ရောက်သည့်နေ့မှစ၍ အမေပြုံး နေသည်။ နှစ်ရက်အကြာမှာ ညီမတို့မိသားစုလည်း ရောက်လာသည်။ ကျွန်တော်တို့ အင်မတန်ကြိုက်သော မုန့်ဟင်းခါးကို မနက်တိုင်းချက် ကျွေးသည်။ ရွာနှင့် (၆)မိုင်ဝေးသော ဒါးကသို့ ဟင်းကျွေးဟင်းယံများ တခုတ်တရ မှာလျက် အလျှံပါယ်ချက်ပြုတ် ကျွေးမွေးနေခဲ့သည်။ အမေ့ မျက်နှာက ပြုံးသည်။

အသားအရေတွေက လျော့လျဲလျဲ၊ သွားတွေကျိုးတို့ကျဲတဲ၊ မျက်ခွံက အိတွဲတွဲ၊ သို့သော် မြေးတွေကြားမှာ အမေ့အပြုံးက ပို၍ တောက်ပ နေသည်။ အမေအိုကြည်သာနေတုန်း " အကိုကြီးက၊ အမေ့ကိုပြောခဲ့ ဦး"ဟု ညီမအငယ်ဆုံးကပြောသည်။

အမေတစ်ချက်ငဲ့ကြည့်သည်။ သမီးငယ်က ဘာဆိုလိုသည်ကို ရိပ်စားမိပုံရသည်။ "ငါ့သားကြီး တစ်ခါတစ်လေလာတာ၊ စိတ်ရှုပ်စရာ တွေမပြောနဲ့"ဟု ကျွန်တော့်ဘက်ကို မကြည့်ဘဲ ပြောသည်။ သို့သော် ညီမကမလျှော့။

"အမေ့ကို အတူနေတဲ့သူတွေနဲ့တည့်အောင်နေဖို့ အကိုကြီး မပြန်ခင် ပြောခဲ့ဦးမှပေါ့"

တစ်အိမ်လုံးတိတ်သွားသည်။ တုပ်တုပ်မျှမလှုပ်။ ညီနှင့် ခယ်မသာ မက အစ်ကိုဝမ်းကွဲညီ ဝမ်းကွဲများပါ ကျွန်တော့်ဆုံးဖြတ်ချက်ကို ငံ့လင့် နေကြသည်။ မရှောင်လွှဲသာပြီ။ ကျွန်တော် တစ်ခုခု ပြောဖို့ လိုအပ်နေပါ ပြီ။ အမေနှင့် သူ၏ တူသားနှောင်မယ်များအကြား ပြတ်ပြတ်သားသား

ပြောမှ ဖြစ်ချေတော့မည်။ ကျွန်တော်သက်ပြင်းရှိုက် အားတင်းပြီးပြောချလိုက်သည်။

"ဟော့ - အမေ တရားတာ မတရားတာ ၊ အမေ မှားတာ မမှားတာ တွေမပြောကြနဲ့တော့၊ ဒီတစ်မိသားစုလုံးမှာ - အမေက အရေးကြီးဆုံးပဲ။ ငါတို့အမေစိတ်ချမ်းသာဖို့ပဲလိုတယ်။ ဘယ်သူ မဆို - အမေနဲ့တည့်အောင်နေရမယ်၊ ဒါပဲ"

မည်သို့သောအရာသည် အမေနှင့်ဘက်ပြိုင်လောက်အောင် အရေးပါခဲ့ပါသနည်း။ ကျွန်တော်တို့ တရားသူကြီးလုပ်တမ်းကစားနေခြင်း မဟုတ်ပါ။ အမေ့ကိုတစ်ဖက်၊ ကမ္ဘာကြီးကို တစ်ဖက်ချိန်တွယ်၍ရသော ချိန်ခွင်မျိုးရှိသည် - ဟု ကျွန်တော်မယုံပါ။

ကျွန်တော်တို့သည် အမေ့ကို ရွေးချယ်ကြရမှာပဲဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အမေသည် အမေဖြစ်သောကြောင့် ဖြစ်သည်။

**ရွှေအမြုတေမဂ္ဂဇင်း**

**၂၀၁၄ ၊ နိုဝင်ဘာ**

*